# OMPEA Charter

## 初版（第 1 版） – Version 1.0

## 2026 年 6 月 30 日版

**Overseas Myanmar Professionals and Entrepreneurs Association**

一般社団法人 在外ミャンマー職業人起業家同友会

**ပြည်ပရောက် မြန်မာပရော်ဖက်ရှင်နယ်နှင့် လုပ်ငန်းရှင်များအသင်း**

---

# ရှေ့ပြေးစကား

# 前文

ကျွန်ုပ်တို့ OMPEA သည် မြန်မာနိုင်ငံ၏ အနာဂတ်ကို ရိုးသားမှု၊ တာဝန်ယူမှုနှင့် လူ့အဖွဲ့အစည်းအတွက် အကျိုးပြုလိုသော စိတ်ဓာတ်ရှိသူများက ပုံဖော်တည်ဆောက်သည်ဟု ယုံကြည်ပါသည်။

私たち、OMPEA の会員は、ミャンマーの未来は、高い倫理観、責任感、そして社会への貢献を備えた人々によって築かれると信じています。

ကမ္ဘာတစ်ဝှမ်းရှိ မြန်မာပရော်ဖက်ရှင်နယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျောင်းသားများ၊ ဆရာဆရာမများ၊ အလုပ်သမားများနှင့် လူမှုအသိုင်းအဝိုင်းခေါင်းဆောင်များသည် မိမိတို့နေထိုင်ရာနေရာတိုင်းတွင် တန်ဖိုးများကို ဖန်တီးလျက်ရှိကြပါသည်။

世界各地で暮らすミャンマー人職業人、起業家、学生、教育者、労働者、そして地域社会のリーダーたちは、それぞれの場所で価値を生み出しています。

OMPEA သည် ထိုသူများကို ချိတ်ဆက်ရန်၊ ယုံကြည်မှုကို ပြုစုပျိုးထောင်ရန်၊ တစ်သက်တာ သင်ယူတိုးတက်မှုကို အားပေးရန်၊ အခွင့်အလမ်းများကို ဖန်တီးရန်နှင့် လူ့အဖွဲ့အစည်းအတွက် အဓိပ္ပာယ်ရှိသော အကျိုးပြုလုပ်ဆောင်မှုများကို မြှင့်တင်ရန် တည်ရှိပါသည်။

OMPEAは、そのような人々をつなぎ、信頼を育み、生涯にわたる成長を支え、機会を創出し、社会への意味ある貢献を促すために存在します。

အပြန်အလှန်ယုံကြည်မှုကို ပြုစုပျိုးထောင်ခြင်းသည် မြန်မာနိုင်ငံ၏ ပိုမိုကောင်းမွန်သော အနာဂတ်ကို တည်ဆောက်ရန် ပထမခြေလှမ်းဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

私たちは、信頼を育むことが、ミャンマーのより良い未来を築く第一歩であると信じます。

အပြန်အလှန် ယုံကြည်စိတ်ချရသော ယဉ်ကျေးမှုသည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်သည်ဟု ယုံကြည်ပါသည်။

信頼が根付く文化こそが、持続可能な発展の土台であると信じます。

ကျွန်ုပ်တို့သည် နောင်မျိုးဆက်များ ဂုဏ်ယူစွာ အမွေဆက်ခံနိုင်မည့် အနာဂတ်ကို အတူတကွ တည်ဆောက်သွားမည်ဟု ကတိပြုပါသည်။

私たちは、次世代が誇りを持って受け継ぐことのできる未来を、ともに築いていくことをここに誓います。

---

# အခန်း ၁ — ကျွန်ုပ်တို့ ဘယ်သူများလဲ

# 第 1 章　私たちは何者か

OMPEA သည် ကမ္ဘာတစ်ဝှမ်းရှိ မြန်မာပရော်ဖက်ရှင်နယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျောင်းသားများ၊ ဆရာဆရာမများနှင့် မိတ်ဖက်များ၏ ကမ္ဘာလုံးဆိုင်ရာ အသိုင်းအဝိုင်းဖြစ်ပါသည်။

OMPEA は、世界各地で活動するミャンマー人職業人、起業家、学生、教育者、そしてパートナーによる国際的なコミュニティです。

ကျွန်ုပ်တို့ကို ပေါင်းစည်းထားသည်မှာ လူမျိုး၊ ဘာသာ သို့မဟုတ် နိုင်ငံသားဖြစ်မှု မဟုတ်ဘဲ ရိုးသားမှု၊ အပြန်အလှန် လေးစားမှု၊ အစဉ်တိုးတက်လိုသော စိတ်ဓာတ်နှင့် လူ့အဖွဲ့အစည်းအတွက် အကျိုးပြုလိုသော စိတ်ဓာတ်တို့ ဖြစ်ပါသည်။

私たちを結びつけるものは、民族、宗教、国籍ではありません。誠実さ、相互尊重、成長し続ける姿勢、そして社会に貢献しようとする志です。

မတူကွဲပြားမှုသည် ကျွန်ုပ်တို့၏ အသိုင်းအဝိုင်းကို ပိုမိုကြွယ်ဝစေပြီး ပူးပေါင်းဆောင်ရွက်မှုသည် အခွင့်အလမ်းများကို ဖန်တီးပေးသည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

多様性は私たちのコミュニティを豊かにし、協働は新たな機会を生み出すと私たちは信じます。

---

# အခန်း ၂ — ကျွန်ုပ်တို့ ဘာကြောင့် တည်ရှိသလဲ

## 第 2 章　私たちはなぜ存在するのか

ကျွန်ုပ်တို့သည် ကမ္ဘာတစ်ဝှမ်းရှိ မြန်မာပရော်ဖက်ရှင်နယ်များကို ချိတ်ဆက်ပေးရန် တည်ရှိပါသည်။

私たちは、世界中のミャンマー人職業人をつなぐために存在します。

ဦးနှောက်ယိုစီးမှုကို ကမ္ဘာလုံးဆိုင်ရာ မြန်မာပရော်ဖက်ရှင်နယ်ကွန်ရက်အဖြစ် ပြောင်းလဲရန် ကြိုးပမ်းပါသည်။

私たちは、頭脳流出を世界的なミャンマー人職業人ネットワークへと転換します。

သင်ယူမှု၊ စီးပွားရေးဖန်တီးမှု၊ ခေါင်းဆောင်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံတကာ ချစ်ကြည်ရင်းနှီးမှုအတွက် အခွင့်အလမ်းများကို ဖန်တီးပါသည်။

学び、起業、リーダーシップ、協働、そして国際的な友好関係のための機会を創出します。

ကျွန်ုပ်တို့သည် မြန်မာနိုင်ငံ၏ ပိုမိုကောင်းမွန်သော အနာဂတ်နှင့် မိမိတို့နေထိုင်ရာ နိုင်ငံများနှင့် လူ့အသိုင်းအဝိုင်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ ပါဝင်ဆောင်ရွက်ပါသည်။

私たちは、ミャンマーのより良い未来と、自分たちが暮らす国や地域社会の発展のために、共に貢献します。

# အခန်း ၃ — ကျွန်ုပ်တို့ ယုံကြည်သောအရာ

# 第 3 章　私たちが信じるもの

မြန်မာနိုင်ငံအတွက် အောင်မြင်သူများ ပိုများလာရုံနှင့် မလုံလောက်ပါ။

ミャンマーにとって、成功者が増えるだけでは十分ではありません。

မြန်မာနိုင်ငံ အမှန်တကယ် လိုအပ်သည်မှာ အပြန်အလှန် ယုံကြည်စိတ်ချရသော ယဉ်ကျေးမှု ဖြစ်ပါသည်။

ミャンマーに本当に必要なのは、信頼が根付く文化です。

ကတိတည်ခြင်း၊ အပြန်အလှန် လေးစားခြင်း၊ အစဉ်သင်ယူတိုးတက်ခြင်း၊ တာဝန်ယူခြင်းနှင့် ကိုယ်ကျိုးထက် လူ့အဖွဲ့အစည်းအတွက် အကျိုးပြုခြင်းတို့မှ ယုံကြည်မှုသည် ပေါ်ပေါက်လာပါသည်။

信頼は、約束を守ること、互いを尊重すること、学び続けること、責任を持って行動すること、そして自分の利益を超えて社会に貢献することから生まれます。

ယုံကြည်စိတ်ချရသော သူများသည် ယုံကြည်စိတ်ချရသော အဖွဲ့အစည်းများကို ဖန်တီးပြီး၊ ယုံကြည်စိတ်ချရသော အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရသော လူ့အဖွဲ့အစည်းကို တည်ဆောက်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

信頼できる人々が信頼できる組織をつくり、信頼できる組織が信頼できる社会を築くと私たちは信じます。

# အခန်း ၄ — OMPEA ၏ အခြေခံမူများ

# 第 4 章　OMPEA の基本原則

OMPEA သည် မိမိတို့၏ အဖွဲ့အစည်းယဉ်ကျေးမှု၊ ခေါင်းဆောင်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုများ၏ အခြေခံအုတ်မြစ်အဖြစ် အောက်ပါ အခြေခံမူများကို လက်ကိုင်ထား ဆောင်ရွက်ပါမည်။

OMPEA は、組織文化、リーダーシップ、そして活動の基礎として、以下の基本原則を大切にします。

## ၁။ Integrity

## 1. 誠実さ

Integrity ဆိုသည်မှာ ရိုးသားဖြောင့်မတ်စွာ ပြုမူခြင်း၊ အမှန်တရားကို လေးစားခြင်း၊ ပွင့်လင်းမြင်သာခြင်းနှင့် မိမိစကားနှင့် လုပ်ရပ်အပေါ် တာဝန်ယူခြင်း ဖြစ်သည်။

誠実さとは、正直に行動し、真実を尊重し、透明性を持ち、自分の言葉と行動に責任を持つことです。

誠実さは、信頼に値する力を生み出します。

## ၂။ Trust

## 2. 信頼

ယုံကြည်မှု ဆိုသည်မှာ ကတိတည်ခြင်း၊ အပြန်အလှန် လေးစားခြင်း၊ တာဝန်ယူခြင်းနှင့် ရေရှည်ဆက်ဆံရေးကို တန်ဖိုးထားခြင်း ဖြစ်သည်။

信頼とは、約束を守り、互いを尊重し、責任を果たし、長期的な関係を大切にすることです。

ယုံကြည်မှုသည် ရေရှည်တည်တံ့သော ဆက်ဆံရေးကို ဖန်တီးပေးသည်။

信頼は、長く続く関係をつくります。

## ၃။ Respect

## 3. 尊重

လေးစားမှု ဆိုသည်မှာ လူတိုင်း၏ ဂုဏ်သိက္ခာ၊ မတူကွဲပြားမှု၊ အတွေ့အကြုံနှင့် အမြင်များကို တန်ဖိုးထားခြင်း ဖြစ်သည်။

尊重とは、一人ひとりの尊厳、多様性、経験、考え方を大切にすることです。

လေးစားမှုသည် စည်းလုံးညီညွတ်မှုကို ခိုင်မာစေသည်။

尊重は、結束を強くします。

## ၄။ Lifelong Learning

## 4. 生涯学習

တစ်သက်တာ သင်ယူတိုးတက်ခြင်း ဆိုသည်မှာ အသိပညာ၊ အတွေ့အကြုံနှင့် ဉာဏ်ပညာများကို မျှဝေကာ မိမိကိုယ်ကို အမြဲတိုးတက်စေခြင်း ဖြစ်သည်။

生涯学習とは、知識、経験、智慧を共有しながら、自らを常に成長させ続けることです。

သင်ယူခြင်းသည် အခွင့်အလမ်းများကို ဖန်တီးပေးသည်။

学びは、新たな機会を生み出します。

## ၅။ Responsibility

## 5. 責任

တာဝန်ယူမှု ဆိုသည်မှာ မိမိ၏ တာဝန်နှင့် ကတိကဝတ်များကို ပရော်ဖက်ရှင်နယ်ဆန်ဆန်၊ တာဝန်ခံစိတ်ရှိစွာ စေတနာဖြင့် ဆောင်ရွက်ခြင်း ဖြစ်သည်။

責任とは、自らの役割と約束を、職業人としての姿勢、責任感、そして誠意をもって果たすことです。

တာဝန်ယူမှုသည် ယုံကြည်မှုကို တည်ဆောက်ပေးသည်။

責任は、信頼を築きます。

## ၆။ Contribution

## 6. 社会貢献

လူ့အဖွဲ့အစည်းအတွက် အကျိုးပြုခြင်း ဆိုသည်မှာ မိမိ၏ အလုပ်အကိုင်၊ အသိပညာ၊ အတွေ့အကြုံနှင့် အရင်းအမြစ်များကို အသုံးပြု၍ လူ့အဖွဲ့အစည်းအတွက် ကောင်းကျိုးဖန်တီးခြင်း ဖြစ်သည်။

社会貢献とは、自らの仕事、知識、経験、資源を活かして、社会に良い影響を生み出すことです。

လူ့အဖွဲ့အစည်းအတွက် ကောင်းကျိုးဖန်တီးက ပိုမိုကောင်းမွန်သော အနာဂတ်ကို ဖန်တီးပေးသည်။

社会貢献は、より良い未来をつくります。

ဤအခြေခံမူများသည် OMPEA အဖွဲ့ဝင်များ၊ ခေါင်းဆောင်များ၊ Ambassador များ၊ မိတ်ဖက်များနှင့် Club များအားလုံး၏ ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်ချက်များအတွက် လမ်းညွှန်အခြေခံမူများ ဖြစ်ပါသည်။

これらの基本原則は、OMPEAの会員、リーダー、Ambassador、パートナー、各Clubのすべての判断と行動を導く指針です。

# အခန်း ၅ — ကျွန်ုပ်တို့ ဘယ်လို ရှင်သန်နေထိုင်မလဲ

## 第 5 章　私たちはどのように生きるか

ကျွန်ုပ်တို့သည် ယဉ်ကျေးမှုနှင့် ဘာသာတရားများကို ကျော်လွန်သော လူသားတို့၏ အခြေခံကျင့်ဝတ် တန်ဖိုးများကို လေးစားတန်ဖိုးထားပါသည်။

私たちは、文化や宗教を超えて人間が大切にしてきた普遍的な倫理を尊重します。

မင်္ဂလာ ၃၈ ပါး၊ ဗြဟ္မဝိဟာရတရားလေးပါးနှင့် အတ္တသမ္မာပဏိဓိ၏ အနှစ်သာရတို့သည် ပညာ၊ မေတ္တာ၊ နိဝါတရှိမှု (မာနနည်းခြင်း) နှင့် တာဝန်ယူမှုတို့ဖြင့် အသက်ရှင်နေထိုင်ရန် ကျွန်ုပ်တို့အား လမ်းညွှန်ပေးပါသည်။

三十八吉祥経、四無量心、そして自己を正しく育む精神は、智慧、慈しみ、謙虚な姿勢、責任感をもって生きるための普遍的な倫理的指針として、私たちを導きます。

OMPEA သည် ဘာသာရေးအဖွဲ့အစည်း မဟုတ်ပါ။ သို့သော် လူသားတိုင်းအတွက် အရေးကြီးသော ကိုယ်ကျင့်တရားနှင့် လူမှုကျင့်ဝတ်များကို လေးစားတန်ဖိုးထားပါသည်။

OMPEA は宗教団体ではありません。しかし、すべての人にとって大切な道徳性と社会倫理を尊重します。

---

# အခန်း ၆ — ကျွန်ုပ်တို့ ဘယ်လို အကျိုးပြုမလဲ

## 第 6 章　私たちはどのように社会へ貢献するか

ကျွန်ုပ်တို့သည် အဖွဲ့ဝင်များ၊ Club များ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ပညာရေးအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများနှင့် ဒေသခံလူမှုအသိုင်းအဝိုင်းများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ပါသည်။

私たちは、会員、各 Club、パートナー団体、企業、教育機関、行政機関、そして地域社会と共に協働します。

အဓိပ္ပာယ်ရှိသော မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများသည် ရေရှည်တည်တံ့သော အကျိုးသက်ရောက်မှု ကို ဖန်တီးနိုင်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

意味あるパートナーシップは、長期的な影響を生み出すと私たちは信じます。

ကျွန်ုပ်တို့သည် မြန်မာနိုင်ငံနှင့် မိမိတို့နေထိုင်ရာ လူ့အသိုင်းအဝိုင်းများ နှစ်ဖက်စလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ ပါဝင်ဆောင်ရွက်ပါသည်။

私たちは、ミャンマーと、自分たちが暮らす地域社会の双方の発展に共に貢献します。

# အခန်း ၇ — ကျွန်ုပ်တို့ ချန်ထားခဲ့မည့် အမွေ

# 第 7 章　私たちが未来へ残すもの

ကျွန်ုပ်တို့သည် ကိုယ်ပိုင်အောင်မြင်မှုတစ်ခုတည်းကိုသာ မရှာဖွေပါ။

私たちは、自分たちだけの成功を求めるのではありません。

နောင်မျိုးဆက်များ ဂုဏ်ယူစွာ အမွေဆက်ခံနိုင်မည့် ယုံကြည်မှု၊ တာဝန်ယူမှုနှင့် လူ့အဖွဲ့အစည်းအတွက် အကျိုးပြုခြင်းတို့ကို အခြေခံသော ယဉ်ကျေးမှုကို ချန်ထားခဲ့ရန် ကြိုးပမ်းပါသည်။

私たちは、次の世代が誇りを持って受け継ぐことのできる、信頼、責任、社会貢献に基づく文化を残すことを目指します。

အတူတကွ ယုံကြည်စိတ်ချရသော လူ့အဖွဲ့အစည်းကို တည်ဆောက်ကြပါစို့။

私たちは共に、信頼できる社会を築きます。

## နိဂုံးချုပ်စကား — 結びの言葉

ဤ Charter သည် စာရွက်စာတမ်းတစ်ခုသာ မဟုတ်ပါ။

この Charter は、単なる文書ではありません。

၎င်းသည် ကျွန်ုပ်တို့ကိုယ်တိုင်၊ အချင်းချင်းနှင့် နောင်မျိုးဆက်များထံ ပေးအပ်သော ကတိဖြစ်ပါသည်။

これは、私たち自身へ、仲間へ、そして未来の世代へ交わす約束です。

ကျွန်ုပ်တို့သည် ပရော်ဖက်ရှင်နယ်များကို ချိတ်ဆက်၍ ယုံကြည်မှုကို ပြုစုပျိုးထောင်ကာ လူ့အဖွဲ့အစည်း အတွက် အတူတကွ အကျိုးပြုသွားမည် ဖြစ်ပါသည်။

私たちは、職業人をつなぎ、信頼を育み、社会に共に貢献していきます。

---

## ဆောင်ပုဒ် / モットー

**ပရော်ဖက်ရှင်နယ်များကို ချိတ်ဆက်၍၊ ယုံကြည်မှုကို ပြုစုပျိုးထောင်ပြီး၊ လူ့အဖွဲ့အစည်းအတွက် အကျိုးပြုသည်။**

職業人をつなぎ、信頼を育み、社会に貢献する。

---